အမေရိကန်နိုင်ငံက ရွှေ့ပြောင်းအခြေချနေထိုင်တဲ့ နိုင်ငံဖြစ်တာကြောင့် လူမျိုးပေါင်းစုံ နေထိုင်ပါတယ်။ အမေရိကန်မှာ အမေရိကန် 'လူမျိုး' ဆိုပြီး မရှိပါဘူး။ ဒါဆိုဘာလို့ အမေရိကန် လူမျိုးလို့ သုံးလည်းလို့ မေးစရာ ရှိလာပါတယ်။ အမေရိကန်ဟာ လူမျိုးပေါင်းစုံ နေထိုင်တာကြောင့် နိုင်ငံတွင်း နေထိုင်သူတွေမှာ သူ့လူမျိုး၊ ကိုယ့်လူမျိုး၊ ရိုးရာဓလေ့၊ ဇျေးရိုးစွဲတွေ ရှိကြပါတယ်။ ကမ္ဘာ့ အရပ်ရပ်က ပြောင်းရွှေ့လာကြသူတွေဆိုပေမဲ့ တချို့က အမေရိကန်မှာ မွေးဖွားပြီး တချို့က အသက်ကြီးမှ ရောက်လာသူတွေ ဖြစ်ကြတယ်။ အသက်ကြီးမှ ရောက်လာသူတွေ ဒါမှမဟုတ် ပထမမျိုးဆက်အဖြစ်နဲ့ ရောက်လာသူတွေမှာ ကိုယ့်နိုင်ငံက ပါလာတဲ့ အတွေးအခေါ်၊ ဇျေးရိုးစွဲတွေ ရှိတတ်ပါသေးတယ်။ ဒီစာအုပ်ထဲမှာပါတဲ့ 'အမေရိကန်လူမျိုး' ဆိုတာက အမေရိကန်မှာ မွေးဖွားတဲ့ ဒါမှမဟုတ် အမေရိကန်မှာ မျိုးရိုးစဉ်ဆက် နေထိုင်တဲ့ ဒုတိယမျိုးဆက်၊ တတိယမျိုးဆက် စတာတွေကို ညွှန်းပါတယ်။ သူတို့ အမေရိကန်မှာမွေး၊ အမေရိကန်မှာကြီးပြီး အမေရိကန် ပညာရေးကို ခံယူကြတာတွေကြောင့် သူတို့မှာ ကျွန်မတို့နဲ့ မတူတဲ့ အတွေးအမြင်၊ သွန်သင်မှု၊ ပညာပေးမှုတွေ ရှိကြပါတယ်။ ဒါတွေကို ဒီစာအုပ်ထဲမှာ ဖတ်ရှုရမှာ ဖြစ်ပါတယ်။

ချစ်ခင်လေးစားလျက်
နိုင်းနိုင်းစနေ

# STRANGE AMERICAN
Sheng Lin

## မာတိကာ


| | | |
|---|---|---|
| ♦ | မူရင်းစာရေးသူရဲ့စကား | ၄ |
| ♦ | နိဒါန်း | ၉ |
| ♦ | ဘာသာပြန်သူ အမှာစကား | ၁၃ |
| ၁။ | ထူးဆန်းတဲ့ အမေရိကန်လူမျိုး | ၁၄ |
| ၂။ | တော်လှန်ရေးသည် ထမင်းဖိတ်စားခြင်း မဟုတ် | ၂၇ |
| ၃။ | သစ်ကြားသီး ကောက်ကြစို့ | ၅၀ |
| ၄။ | တက္ကဆက်သားတို့ရဲ့ ဂုဏ်ယူဖွယ် | ၅၉ |
| ၅။ | ရှေးဟောင်းပစ္စည်း ရောင်းခြင်း | ၉၁ |
| ၆။ | သူ့ရဲ့ကောင်း ကားသမား | ၁၀၉ |
| ၇။ | ကြက်မေမေ နန်စီ | ၁၂၇ |
| ၈။ | ဥသူရဲကောင်းရဲ့ ဦးနှောက်ခြောက်စရာအဖြစ် | ၁၃၆ |
| ၉။ | မော့လီအမေ | ၁၆၀ |
| ၁၀။ | အရာရှိကြီး ဖီးလစ် | ၁၈၁ |
| ၁၁။ | ကံစမ်းမဲ အမြဲပေါက်သူ | ၂၀၀ |
| ၁၂။ | မြစ်ကမ်းဆီသို့ | ၂၂၄ |
| ၁၃။ | အမေရိကန် "မယက" | ၂၄၂ |
| ၁၄။ | မီးနေသည် | ၂၅၆ |
| ၁၅။ | မြို့ကလေးရဲ့ ရွှေးကောက်ပွဲ | ၂၇၉ |
| ၁၆။ | နောက်ဆုံးနေ့အတွက် ပြင်ဆင်သူ | ၂၉၆ |
| ၁၇။ | အမေရိကန် ကျီးကန်း | ၃၁၃ |
| ၁၈။ | လင်မယားအချင်းချင်း အပြန်အလှန် ထိခိုက်နာကျင်မှု | ၃၂၉ |